
ကျေးရွာအဖွဲ့အစည်းစစ်တမ်းအတွက် ရွေးချယ်ခဲ့သည့်
ကျေးရွာများပြမြေပုံ





အဖွဲ့အားလုံးတွင် အဖွဲ့ဝင်အများစုမှာ အမျိုးသားများဖြစ်ပြီး အမျိုးသမီးထုကို ကိုယ်စားပြုမှုမှာ ၃၀%သာ ရှိကြောင်း တွေ့ရှိရသည်။ IP စီမံချက်များ၏ ဘုံရည်မှန်းချက်မှာ ဆင်းရဲနွမ်းပါးသောသူများနှင့် ထိခိုက်လွယ်သူများကို ထောက်ပံ့ရန်ဖြစ်သော်လည်း အဖွဲ့များစွာသည် ယင်းလူအုပ်စုကို ကိုယ်စားမပြုကြပေ။ ထိုသို့ဖြစ်ရခြင်း၏ အကြောင်းရင်း ကို ဤစစ်တမ်းတွင်ဖော်ပြထားသည်။

LIFTသည် ဆန်းသစ်တီထွင်မှုကိုအားပေးပြီး ရလဒ်နှင့် ငွေကြေးကုန်ကျရကျိုးနပ်မှုကို ဦးတည်သည်။ ရေရှည်တည်တံ့သော လူမှုရေးအရင်းအနှီးကို တည်ဆောက်ရန်အတွက် အားလုံးပူးပေါင်းဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများသည် ကျေးရွာတစ်ခုချင်းစီတိုင်းတွင် အချိန်နှင့် အရင်းအနှီးများ/အင်အားများ များစွာ လိုအပ်မည်ဖြစ်ပြီး LIFTကဲ့သို့သော ကြီးမားကျယ်ပြန့်သည့် စီမံကိန်းနှင့် အမြဲအံဝင်ခွင်ကျ မဖြစ်နိုင်ပေ။ မည်သို့ပင်ဆိုစေကာမူ အဖွဲ့များကိုအင်အားဖြည့်ပေးကာ လုပ်ဖော်ကိုင်ဖက်များကို မှီခိုနေမှုကို လျှော့ချခြင်းဖြင့် ယင်းတို့၏ ရေရှည်တည်တံ့မှုကိုဖြစ်ထွန်းမှုကို စမ်းသပ်နိုင်မည့် အကြံပြုချက်များကို ဤစစ်တမ်းတွင် အဆိုပြုထားသည်။

အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ
UNOPS ဘဏ္ဍာရေး တာဝန်ခံရုံး
၁၂(အို)ပြည်သူ့လမ်း၊ ၇မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်
ဖုန်း ၀၁-၆၅၇ ၂၇၈၊ ၆၅၇ ၂၈၀~၇၊ ၆၅၇ ၇၀၂~၄၊ ဖက်(စ်) ၀၁-၆၅၇ ၂၇၉
lift@unops.org
www.lift-fund.org

LIFT ကို UNOPS မှ စီမံခန့်ခွဲသည်။

# ကျေးရွာအဖွဲ့အစည်းစစ်တမ်း အကျဉ်းချုပ်




Livelihoods and Food Security Trust Fund

## နောက်ခံအကြောင်းအရာ


LIFTသည် လုပ်ဖော်ကိုင်ဖက်(IP)များမှတဆင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၂၀၁၄ခုနှစ် နှစ်ကုန်တွင် ကျေးရွာအဖွဲ့အစည်း(အဖွဲ့) ၁၀,၀၀၀ ကျော်ကို ထောက်ပံ့ခဲ့သည်။ အဖွဲ့အစည်း အမျိုးအစား အများအပြားတွေ့ရပြီး ကျေးရွာလူထု တရပ်လုံးကို ကိုယ်စားပြုသော ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများမှသည် လှည့်ပတ်ရန်ပုံငွေများ၊ ငွေစုငွေချေးလုပ်ငန်းကို ဆောင်ရွက်နေသော ကိုယ်ထူကိုယ်ထ အုပ်စုငယ်များအထိရှိသည်။ IP များ၏ အထောက်အပံ့များသည်လည်း အမျိုးမျိုးရှိသည်။ ၂၀၁၄ခုနှစ် နှစ်ကုန်တွင် အဖွဲ့အစည်း၁၀,၀၀၀ကျော်မှ အဖွဲ့ဝင်၁၀၉၉၂၅ဦး သည် စီမံခန့်ခွဲရေးဆိုင်ရာ သို့မဟုတ် နည်းပညာရပ် ဆိုင်ရာသင်တန်းများကို တက်ခဲ့ကြပြီးဖြစ်ရာ ယင်းတို့တွင် အမျိုးသမီးအဖွဲ့ဝင် ၆၇,၆၇၇တို့လည်း ပါဝင်သည်။

ကျေးရွာများသို့ အကူအညီပေးရာတွင် အဓိကအသုံးပြုသည့်ယန္တရားအနေဖြင့် ကျေးရွာအခြေပြုအဖွဲ့အစည်းများကို IPတို့က ထောက်ပံ့ခဲ့ကြသည်လည်း ရှိသည်။ ကျေးရွာများက မိမိတို့ကိုယ်တိုင် စီမံချက် ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်စေရန် အဓိကရည်ရွယ်ကာ ယင်းတို့ကို အားဖြည့်ပေးခဲ့ခြင်းလည်း ရှိသည်။ ဤအဖွဲ့အစည်းများသည် အိမ်ထောင်စုများ၊ လူတဦးချင်းစီသို့ အထောက်အပံ့များရောက်ရှိရေးကို ဖြေရှင်းပေးသည်။ အထူးသဖြင့် အကျိုး ခံစားခွင့်ရှိသူ ရွေးချယ်ခြင်းနှင့် အထောက် အပံ့များဖြန့်ဝေခြင်းတို့တွင် ဖြစ်သည်။ ထို့ကြောင့် LIFTသည် အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသောသူများ၊ ထိခိုက် လွယ်သူများ နှင့် စပ်လျဉ်းသော ဤအဖွဲ့ အစည်းတို့၏ ကိုယ်စားပြုမှုနှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်များချမှတ်ရာတွင် မျှတမှုရှိခြင်းတို့ကို သိရှိရန် အလွန်ပင်အရေးကြီးပါသည်။

၂၀၁၄ခုနှစ် ဇူလိုင်လအထိ



ကျေးရွာအဖွဲ့အစည်းများမှ အဖွဲ့ဝင် ၁၀၉၉၂၅ဦး သည် စီမံခန့်ခွဲရေးဆိုင်ရာ သို့မဟုတ် နည်းပညာရပ် ဆိုင်ရာသင်တန်းများကို တက်ရောက်ခဲ့ကြသည်။



LIFTသည် ကျေးရွာအဖွဲ့အစည်းများအား ၎င်းတို့ကိုယ်တိုင် စီမံချက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်နိုင်ရန် အားဖြည့်ပေးခဲ့သည်။

## လေ့လာမှုပုံစံ/နည်းလမ်း

၂၀၁၄ခုနှစ် နှစ်ဆန်းတွင် မြန်မာနိုင်ငံရှိ ကျေးရွာအဖွဲ့အစည်း(အဖွဲ့)များကို LIFTက ထောက်ပံ့နေခြင်းမှ ရရှိလာသော ရလဒ်များကို သေချာစွာစိစစ်သုံးသပ်ရန် အဆင့်နှစ်ဆင့်ပါသော စစ်တမ်းတခုကို ရေးဆွဲခဲ့ပါသည်။ စစ်တမ်းကနဦး အဆင့်တွင် ၂၀၁၄ခုနှစ် နှစ်လယ်တွင် LIFTစီမံချက် ကျေးရွာ၅၀သို့ ကွင်းဆင်းလေ့လာခဲ့သည်။ ကျေးရွာတိုင်းတွင် စစ်တမ်းအဖွဲ့များသည် ဦးတည်အုပ်စုဆွေးနွေးပွဲ(FGD)များနှင့် အဓိက အချက်အလက် ပေးနိုင်သူများနှင့်တွေ့ဆုံမှု(KII)များ တို့ကို အဖွဲ့ဝင်များ၊ ရပ်ရွာမှ ကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သည်။ စစ်တမ်းနောက်ဆုံးအဆင့်အရ ယင်းတို့တွင် ဆောင်ရွက်နေသော စီမံချက်များ ပြီးစီးပါက ထိုကျေးရွာများသို့ တဖန်သွားရောက်ကာ အဖွဲ့များ၏ ဖွံ့ဖြိုးမှု၊ ရေရှည် တည်တံ့မှုတို့ကို အကဲဖြတ်မည်ဖြစ်သည်။

ဤကျေးရွာ၅၀တွင် အောက်ပါ အဖွဲ့အမျိုးအစား များကို တွေ့ရှိရသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီများ၊ လယ်သမား သင်တန်းကျောင်းများနှင့် တိုးချဲ့လယ်သမားအုပ်စုများ၊ လှည့်ပတ်ရန်ပုံငွေကို စီမံခန့်ခွဲနေသောအဖွဲ့များ၊ ကျေးရွာ အသေးစား ငွေရေးကြေးရေးအသင်းများ၊ လုပ်သားအဖွဲ့များ၊ စပါးဘဏ်နှင့် မျိုးစေ့ဘဏ်အုပ်စုများနှင့် သစ်တောအုပ်စုများ ပါဝင်သည်။ FGDဆွေးနွေးပွဲ ပေါင်း၃၀၀ခန့် ပြုလုပ်ခဲ့ရာတွင် အဖွဲ့များ မည်ကဲ့သို့ တည်ထောင်ခဲ့သည်၊ ကျေးရွာ ဖွံ့ဖြိုးရေးကို မည်သို့ဆောင်ရွက်ခဲ့သည်၊ မည်သူတို့ကို အကျိုးပြုခဲ့သည်၊ နောင်အချိန်တွင် ယင်းတို့ ဆက်လက်တည်တံ့မည် မတည်တံ့မည် စသည်တို့ကို ရပ်ရွာလူထုက မည်သို့မြင်နေသည်တို့ကို တွေ့ရှိခဲ့ရသည်။

## အဓိကတွေ့ရှိရမှုများ

မြန်မာ့ကျေးလက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်ရာတွင် ထောင်နှင့်ချီသော ဤအဖွဲ့များ၏ အလားအလာမှာ အလွန် အရေးပါသည်။ သို့သော်လည်း ဤစစ်တမ်းမှ တွေ့ရှိချက်အရ LIFT၏ စီမံချက်များသည် လူမှုရေးအရင်းအနှီးကို လိုအပ်သလောက် အလေးမမူကြောင်းတွေ့ရှိရသည်။


ယေဘုယျအားဖြင့် ကာလတို LIFTစီမံချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်ချက်အဖြစ် အဖွဲ့များကို အလျင်အမြန် ဖွဲ့စည်းခဲ့ကြသည်။

ဤစစ်တမ်းမှသိရသည်မှာ အဖွဲ့အများအပြား (အဖွဲ့အသစ်ပင်ဖြစ်စေကာမူ)မှာ စွမ်းဆောင်ရည် တည်ဆောက်ရေး ဆိုင်ရာ အထောက်အပံ့ကို အနည်းဆုံးသာ ရရှိကြကြောင်း၊ ယင်းတို့၏ လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများမှာ ရှင်းလင်းမှုမရှိကြောင်း တွေ့ရသည်။ LIFT၏ စီမံချက် ပြီးဆုံးချိန်တွင် ဆောင်ရွက်မည့် တိကျသောအစီအမံများရှိသူ အနည်းအကျဉ်းကိုလည်း တွေ့ရသည်။

သို့သော်လည်း ရေရှည်တည်တံ့ရန် မျှော်မှန်းထားခြင်းမရှိသော အဖွဲ့များသည်ပင်လျှင် ရပ်ရွာဖွံ့ဖြိုးရေးတွင် လုပ်ငန်း အသစ်များကို ဆောင်ရွက်ရန် စိတ်အားထက်သန်လျက်ရှိကြောင်းတို့ ဖြစ်သည်။

စီမံချက်များကို အကောင်အထည်ဖော်ရာတွင် အဖွဲ့များသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ ယင်းတို့ သည် မည်သည့် အထောက်အပံ့အတွက်မဆို အကျိုးခံစားခွင့်ရှိသူများကို ဖော်ထုတ်ပေးခဲ့ကြသည်။ လုပ်ငန်းအမျိုးမျိုး ကို အကောင်အထည်ဖော်နိုင်ရန်အတွက် စည်းရုံးပေးခဲ့ကြသည်။ လှည့်ပတ်ရန်ပုံငွေ အပါအဝင် ငွေစုငွေချေးလုပ်ငန်း အမျိုးမျိုးကိုလည်း စီမံခန့်ခွဲခဲ့ကြသည်။ LIFTနှင့်ရန်ပုံငွေထည့်ဝင်သူ များထံသို့ တင်ပြနိုင်ရန်အတွက် လုပ်ဖော်ကိုင်ဖက် တို့ကသုံးစွဲသည့် မှတ်တမ်းအမျိုးမျိုးကိုလည်း ထိန်းသိမ်းပေးခဲ့ကြသည်။ အဖွဲ့များအနေဖြင့် ဤသို့ ဆောင်ရွက်မပေးနိုင်ခဲ့ပါက အချိန်နှင့်အရင်းအမြစ်အ ကန့်အသတ်တို့ဖြင့် လုပ်ငန်းဆောင်ရွက်နိုင်သည့် IP နည်းပါးပေမည်။ အချို့IPများသည် ရွာပေါင်းများစွာတွင် ယင်းတို့၏စီမံချက်များကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် ၎င်းတို့သတ်မှတ်ထား သည့် ဖွဲ့စည်းပုံနည်းလမ်းများကို အသုံးပြုကာ အဖွဲ့များကို ထူထောင်ခဲ့ကြသည်။

၂၀၁၄ခုနှစ် ဇူလိုင်လအထိ



LIFT IPများသည် ကျေးရွာအဖွဲ့အစည်းပေါင်း ၁၀,၀၀၀ ကျော်ကို ထောက်ပံ့ပေးနိုင်ခဲ့သည်

